Message Two

## ဗာဗုလုန်၌ ဖမ်းဆီးခံရာမှ ပြန်လာပြီးနောက် ကောင်းသောမြေ၌ အသက်ရှင်ခြင်း၏ အရေးကြီးသော သွင်ပြင်လက္ခဏာများ

ဖတ်ရန်ကျမ်း။ ။ ၁ရာ၊၄း၁၀။ ၉း၁။ ၁၆း၈-၁၇၊ ၁၆-၁၈။ ၂၉း၁၀-၂၀။ ၂ရာ၊၂၀း၁၅-၂၂။ ၃၆း၂၂-၂၃

**I. အစ္စရေးလူများ၏သမိုင်းကြောင်းသည် ပုံဆောင်ချက်ဖြစ်ပြီး၊ ဓမ္မသစ်ယုံကြည်သူများကို ပုံဆောင်ကာ၊ ထိုသို့ဖြင့် အသင်းတော်ကို ပုံဆောင်ခြင်းဖြစ်သည် - ၂ရာ၊၃၆း၂၂-၂၃။ ၁ကော၊၁၀း၆၊ ၁၁။**

**II. ယုဒသည် ဗာဗုလုန်ပြည်သို့ ဖမ်းဆီးသိမ်းသွားခံရခြင်းမှာ သစ္စာမရှိခြင်းကြောင့် ဖြစ်သည်။ ထို့ကြောင့် ဖမ်းဆီးခံရာမှ ပြန်လာသောသူတို့သည် ဘုရားသခင်ထံသို့ သစ္စာရှိရကြမည်ဖြစ်သည် - ၁ရာ၊၉း၁။ ၁ကော၊၄း၁-၂။ ၇း၂၅။ ၂တိ၊၂း၁၃။ ဗျာ၊၁၇း၁၄။**

A. ဘုရားသခင်သည် ကိုယ်တော်၏စီမံကိန်းကို ပြည့်စုံစေခြင်းနှင့် ကိုယ်တော်၏စီမံကိန်းအထဲသို့ ကျွန်ုပ်တို့ကို ဦးဆောင်ခြင်း၌ သစ္စာရှိတော်မူသည် - မြည်၊၃း၂၃။

B. သစ္စာရှိသောဘုရားသခင်အဖြစ် ဘုရားသခင်သည် မိမိကိုယ်ကို မငြင်းဆန်နိုင်ပါ။ ကိုယ်တော်သည် မိမိကိုယ်တော်တိုင်၏ ဖြစ်ခြင်းကို ငြင်းဆန်ခြင်း၊ ဆန့်ကျင်ခြင်း မပြုနိုင်ပါ - ၂တိ၊၂း၁၃။

C. ကိုယ်တော်၏သစ္စာရှိတော်မူခြင်း ဂုဏ်အင်္ဂါတော်ဖြင့် ကိုယ်တော်သည် ကျွန်ုပ်တို့အထဲသို့ ဆောင်ယူခံရသောအခါ၊ ကိုယ်တော်သည် ကျွန်ုပ်တို့ဖြစ်လာပြီး၊ ကျွန်ုပ်တို့သည် ကိုယ်တော်၏သစ္စာရှိခြင်းဂုဏ်အင်္ဂါတော်၌ ကိုယ်တော်ဖြစ်လာကြသည် - ၁ကော၊၇း၂၅။ ၂တိ၊၂း၁၃။

1. ဘုရားသခင်သည် မိမိကိုယ်တော်၏ဖြစ်ခြင်းကို ငြင်းဆန်မရနိုင်သကဲ့သို့၊ ကိုယ်တော်ဖြင့် စေ့စပ်ထုံးဖွဲ့ခံရကြသည့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ဖြစ်ခြင်းကို ငြင်းဆန်မရနိုင်ကြပါ - ညွှန်း၊ ၈၊၃း၁၆-၁၇။
2. ဤနည်းလမ်း၌သာ ကျွန်ုပ်တို့သည် ဘုရားသခင့်နက်နဲခြင်းများ၏ ဘဏ္ဍာစိုးများအဖြစ် သစ္စာရှိသူများ ဖြစ်နိုင်မည်၊ ဖြစ်ကြလိမ့်မည်ဖြစ်သည် - ၁ကော၊၄း၁-၂။
3. ကျွန်ုပ်တို့သည် သစ္စာရှိသောဘုရားသခင်ဖြင့် စေ့စပ်ထုံးဖွဲ့ခံရသောကြောင့်၊ ကျွန်ုပ်တို့သည် ကိုယ်တော်ထံသို့ သစ္စာရှိရကြမည်ဖြစ်သည်။ ကျွန်ုပ်တို့၏ဖြစ်ခြင်း၊ ကျွန်ုပ်တို့၏စေ့စပ်ထုံးဖွဲ့မှုက ကျွန်ုပ်တို့အား ခြားနားသွားရန် ခွင့်မပြုပေ။

D. ကျွန်ုပ်တို့ သစ္စာရှိခြင်း၊ ယုံကြည်စိတ်ချရခြင်းဟူသည်မှာ သခင်ဘုရားက ကျွန်ုပ်တို့ကို ခွဲခန့်ထားခဲ့သည့် ဘဏ္ဍာစိုးအရာကို ပြည့်စုံစေရမည်ဖြစ်ကြောင်း ဆိုလိုသည် - အငယ်၊၁-၂။ ၇း၂၅။ ၁တိ၊၁း၁၂။

E. သခင်ဘုရား အာမဂေဒုန်အရပ်၌ စစ်ပွဲအတွက် ကြွလာသောအခါ၊ ကိုယ်တော်သည် သခင်တကာတို့၏သခင်၊ ဘုရင်တကာတို့၏ဘုရင် ဖြစ်လိမ့်မည်ဖြစ်ကာ၊ ကိုယ်တော်နှင့်အတူ အောင်မြင်သောသူများသည် "ခေါ်ခြင်းခံရသူများနှင့် ရွေးချယ်ခံရသူများနှင့် သစ္စာရှိသောသူများ"ဖြစ်ကြလိမ့်မည်ဖြစ်သည် - ဗျာ၊၁၇း၁၄။ ၁၉း၁၁-၂၁။

**III. ဗာဗုလုန်၌ ဖမ်းဆီးခံရာမှ ကောင်းသောမြေသို့ ပြန်လာကြသောသူများအားလုံးသည် ယေဟောဝါကို သိရန်၊ နာခံရန်နှင့် ကိုးကွယ်ရန် မိန့်မှာခြင်းခံရသည် - ၁ရာ၊၁၆း၈-၁၄။**

A. *ဘုရားသခင်* ဟူသည်မှာ ဘုရားသခင်၏တန်ခိုးတော်နှင့် ဖန်ဆင်းခံသတ္တဝါများထံ ကိုယ်တော်၏ဆက်နွှယ်မှုကို ရည်ညွှန်းသည်။ *ယေဟောဝါဘုရားသခင်* ဟူသည်မှာ ဘုရားသခင်သည် လူနှင့်အတူ ဆက်နွှယ်မှုရှိခြင်းကို ရည်ညွှန်းသည်။

B. ယေဟောဝါဘုရားသခင်သည် တန်ခိုးကြီးသောအရှင်ဖြစ်ရုံသာမက၊ လူထံသို့ တိုးဝင်ချဉ်းကပ်သောအရှင်လည်းဖြစ်သည် - က၊၂း၄၊ ၈၊ ၁၅-၁၆၊ ၁၈-၁၉၊ ၂၁-၂၂။

C. *ယေဟောဝါ* ဟူသည်မှာ "ငါဖြစ်သည်အတိုင်းဖြစ်သောအရှင်"ဟု ဆိုလိုပြီး၊ ယေဟောဝါသည် မိမိဘာသာတည်ရှိနေသော၊ အမြဲတည်ရှိနေသော ထာဝရအရှင်၊ အတိတ်ကရှိခဲ့သော၊ ပစ္စုပ္ပန်၌ရှိနေသော၊ အနာဂတ်တွင် အစဉ်အမြဲရှိဦးမည်ဖြစ်သော အရှင်ဖြစ်ကြောင်း ရည်ညွှန်းသည် - ထွ၊၃း၁၄။ ဗျာ၊၁း၄။

D. ယေဟောဝါသည် ဖြစ်တည်တော်မူသော တစ်ပါးတည်းသောအရှင်ဖြစ်သည် - ဟေဗြဲ၊၁၁း၆။

1. ဤဖြစ်တည်တော်မူသော တုနှိုင်းရာမဲ့သောအရှင်သည် ကြီးမြတ်သော "ဖြစ်သည်" အရှင် ဖြစ်တော်မူသည်။ *ဖြစ်ခြင်း* ကြိယာကို ဘုရားသခင်၌သာ ယူဆောင်အသုံးပြုနိုင်ပြီး၊ ကျွန်ုပ်တို့၌ အသုံးပြု၍မရပါ။
2. ဘုရားသခင်သည် စကြဝဠာဆိုင်ရာ ဖြစ်သည် အရှင်၊ စစ်မှန်သော ဖြစ်တည်ခြင်း ဖြစ်တော်မူသည်။ ဘုရားသခင်သာ လျှင် ငါဖြစ်သောအရှင်ဖြစ်သည်။ ကိုယ်တော်၌သာ ဖြစ်တည်ခြင်း ရှိတော်မူသည်။

E. *ယေဟောဝါ* သည် တည်ရှိခြင်းနှင့် ပြီးပြည့်စုံခြင်းအတွက် ဘုရားသခင်၏နာမဖြစ်သည် - က၊၁၇း၁။ ၂၈း၃။ ၃၅း၁၁။ ထွ၊ ၃း၁၄။ ၆း၆-၈။

F. ယေဟောဝါသည် ထာဝရဆိုင်ရာ ဖြစ်တည်တော်မူပြီး၊ ကိုယ်တော်သည် *ဖြစ်ခြင်း* ကြိယာ၏ စစ်မှန်ခြင်းဖြစ်တော်မူသော ကြောင့် ကိုယ်တော်မိန့်တော်မူသောအရာမှန်သမျှကို ကိုယ်တော်ပြည့်စုံစေလိမ့်မည်ဖြစ်သည် - ယော၊၈း၂၈-၂၉။

G. ယနေ့ သခင်ဘုရား၏ပြန်လည်ရယူခြင်း၌ ကျွန်ုပ်တို့သည် ပြီးပြည့်စုံစေခြင်းအဆင့်၌ ရှိနေကြသည်။ ကျွန်ုပ်တို့သည် ဘုရား သခင်ကို ယေဟောဝါ၊ ကြီးမြတ်သောငါဖြစ်သည့်အရှင်အဖြစ် တွေ့ကြုံခံစားနေကြသည် - ထွ၊၃း၁၄-၁၆။ ယော၊၈း၂၄၊ ၂၈။

## IV. အစ္စရေးအမျိုးသားများသည် ကောင်းသောမြေသို့ ပြန်လာကြခြင်းမှာ ခရစ်ယာန်များသည် ကွဲပြားခြင်းမှ အသင်းတော်၏ အခြေပြုနေရာ၊ တစ်လုံးတစ်ဝဖြစ်ခြင်း အခြေပြုနေရာသို့ ပြန်လာကြခြင်းကို ပုံဆောင်သည် - ၂ရာ၊၃၆း၂၂-၂၃။ ဧဇ္ဇ၊ တရား၊ ၁၂း၁-၃၂။

A. အသင်းတော်၏ဒေသန္တရအခြေပြုနေရာသည် အခြေခံအားဖြင့် ဒေသန္တရအသင်းတော်များ၌ လက်တွေ့လုပ်ဆောင်သည့် ခရစ်တော်ကိုယ်ခန္ဓာတော်၏ တုနှိုင်းရာမဲ့ တစ်လုံးတစ်ဝဖြစ်ခြင်း ဖြစ်သည် - ဧ၊၄း၄။ ၁ကော၊၁း၂။ ၁၂း၂၇။

B. ဓမ္မသစ်ကျမ်းရှိ ဘုရားဆိုင်ရာဖွင့်ပြခြင်းအရ အသင်းတော်၏အခြေပြုနေရာသည် အရေးကြီးသော ဒြပ်သဘာဝသုံးခုဖြင့် စေ့စပ်ထုံးဖွဲ့ထားသည်။

1. အသင်းတော်အခြေပြုနေရာကို စေ့စပ်ထုံးဖွဲ့ခြင်း ပထမဒြပ်သဘာဝမှာ စကြဝဠာဆိုင်ရာ ခရစ်တော်ကိုယ်ခန္ဓာတော်၏ တုနှိုင်းရာမဲ့တစ်လုံးတစ်ဝဖြစ်ခြင်း ဖြစ်ပြီး၊ ယင်းကို "ဝိညာဉ်တော်၏တစ်လုံးတစ်ဝဖြစ်ခြင်း" (ဧ၊၄း၃) ဟုခေါ်ဆိုက - ယောဟန် ၁၇ တွင် သခင်ဘုရားဆုတောင်းခဲ့သော တစ်လုံးတစ်ဝဖြစ်ခြင်းဖြစ်သည်။
2. အသင်းတော်အခြေပြုနေရာ၏ ဒုတိယဒြပ်သဘာဝမှာ ဒေသန္တရအသင်းတော် ဖြစ်တည်၍ တည်ရှိနေရာ ဒေသန္တရ၏ တုနှိုင်းရာမဲ့ အခြေပြုနေရာဖြစ်သည် - ဗျာ၊၁း၁၁။ တ၊၁၄း၂၃။ တိတု၊၁း၅။
3. အသင်းတော်အခြေပြုနေရာ၏ တတိယဒြပ်သဘာဝမှာ တစ်လုံးတစ်ဝဖြစ်ခြင်း၏ ဝိညာဉ်တော်၏စစ်မှန်ခြင်း၊ ယင်းမှာ ဘုရားဆိုင်ရာသုံးပါးတစ်ပါးဖြစ်ခြင်း၏ အသက်ရှင်သော စစ်မှန်ခြင်းဖြစ်သည့် ဝိညာဉ်တော်၏ စစ်မှန်ခြင်းဖြစ်သည် - ၁ယော၊၅း၆။ ယော၊၁၆း၁၃။

C. အသင်းတော်၏ အခြေပြုနေရာသည် အသက်နှင့် ပင်ကိုမူလဆိုင်ရာ ဆက်နွှယ်နေသည် - ဆာ၊၁၃၃း၁၊ ၃။ ၃၆း၈-၉။

## V. ကောင်းသောမြေသို့ပြန်လာကြသည့် အစ္စရေးအမျိုးသားတို့သည် ဘုရားသခင်က အာဗြဟံနှင့် ပြုခဲ့သော ပဋိညာဉ်ကို အောက် မေ့ကြရန် မိန့်မှာခံရကြသည် - ၁ရာ၊၁၆း၁၅-၁၈။ က၊၁၅း၇-၂၁။

A. အာဗြဟံသည် မျိုးစေ့နှင့်စပ်လျဉ်း၍ ကိုယ်တော်၏ကတိတော်အတွက် ဘုရားသခင်ကို ယုံကြည်ခဲ့သည်၊ သို့သော် သူသည် ကောင်းသောမြေကို ကတိပေးခြင်းအတွက် ဘုရားသခင်ကို ယုံကြည်ရန် ယုံကြည်ခြင်းလျော့နည်းခဲ့သည် - အငယ်၊၆-၈။

B. အာဗြဟံ၏ယုံကြည်ခြင်းကို အားဖြည့်ပေးရန်အလို့ငှာ ဘုရားသခင်သည် အာဗြဟံထံ ကိုယ်တော်၏ကတိတော်ကို အတည် ပြုရန် သူနှင့်အတူ ပဋိညာဉ်ပြုခြင်းအားဖြင့် မရမကတောင်းဆိုခံရသည် - အငယ်၊၉-၂၁။

1. ဘုရားသခင်က အာဗြဟံနှင့်ပြုခဲ့သည့် ပဋိညာဉ်သည် ကိုယ်တော်၏ကျေးဇူးတော်၌ ဘုရားသခင်၏ တန်ခိုးတော်မှတစ် ဆင့် ပြီးပြည့်စုံခြင်းရှိမည့် ကတိတော်၏ ပဋိညာဉ် ဖြစ်သည် - ယော၊၁း၁၄၊ ၁၇။
2. ဓမ္မသစ်ကျမ်းသည် ဤပဋိညာဉ်၏ ဆက်လက်ဖြစ်ပွားခြင်း ဖြစ်သည် - ဂလ၊၃း၁၇။ ၄း၂၂-၂၆။

C. ဘုရားသခင်သည် အသေခံ၍ ရှင်ပြန်ထမြောက်သော ခရစ်တော်မှတစ်ဆင့် အာဗြဟံနှင့် ပဋိညာဉ်ပြုခဲ့ခြင်းဖြစ်သည် - က၊ ၁၅း၉။ ရော၊၆း၅-၆၊ ၉။

1. သတ်ခြင်းခံရသော တိရစ္ဆာန်သုံးမျိုးမှာ ခရစ်တော်သည် လူသားဇာတိ၌ ကျွန်ုပ်တို့အတွက် ကားတိုင်ပေါ်အသေခံပေးခြင်းကို ပုံဆောင်ပြီး၊ အသက်ရှင်သောငှက်နှစ်ကောင်မှာ ခရစ်တော်သည် ဘုရားဇာတိ၌ ရှင်သန်သော၊ ရှင်ပြန်ထမြောက်သောအရှင်ဖြစ်ခြင်းကို ပုံဆောင်သည် - က၊၁၅း၉။ ယော၊၁၁း၂၅။ ဗျာ၊၁း၁၈။
2. နွားမသည် သင့်တင့်ရာပူဇော်သက္ကာအတွက် ဖြစ်ပြီး၊ ဆိတ်မသည် အပြစ်ဖြေရာ ပူဇော်သက္ကာအတွက်ဖြစ်၍၊ သိုးထီးသည် မီးရှို့ရာပူဇော်သက္ကာအတွက် ဖြစ်သည် - က၊၁၅း၉။ ဝတ်၊၃း၁။ ၄း၂၈။ ၅း၆။ ၁း၁၀။
3. ပုံဆောင်ချက်၌ ချိုးငှက်သည် ဒုက္ခခံစားရသော အသက်တာကို ပုံဆောင်၍၊ ခိုသငယ်သည် ယုံကြည်ခြင်းရှိသော အသက်တာ၊ ယုံကြည်ခြင်း၏အသက်တာကို ပုံဆောင်သည်။ ဤသည်မှာ မြေကြီးပေါ်၌ သခင်ဘုရား၏ အသက်တာ သွင်ပြင်နှစ်မျိုး ဖြစ်သည် - က၊၁၅း၉။
4. ကိန်းဂဏန်းနှစ်သည် သက်သေခံချက်ဖြစ်ခြင်း၏ ကိန်းဂဏန်းဖြစ်သောကြောင့်၊ အသက်ရှင်သောငှက်နှစ်ကောင်သည် ကျွန်ုပ်တို့၌၊ ကျွန်ုပ်တို့အတွက် အသက်ရှင်နေသည့် အရှင် ခရစ်တော်၏ သက်သေခံချက်ကို ဖော်ပြနေသည် - အငယ်၊ ၉။ ယော၊၁၄း၁၉-၂၀။ ဂလ၊၂း၂၀။

**VI. ခရစ်တော်၌ ယုံကြည်သူများအဖြစ် ကျွန်ုပ်တို့သည် ဘုရားသခင်၏အလိုတော်ကို ထင်ရှားစေသော ဆုတောင်းခြင်းများရှိရန်နှင့် ကျွန်ုပ်တို့တစ်ဦးချင်း ဝိညာဉ်ရေးရာ နယ်ပယ်သည် ကျယ်ဝန်းလာမည့်အကြောင်း လိုလားဆန္ဒရှိရန် လိုအပ်သည် - ၁ရာ၊ ၂၉း၁၀-၂၀။ ၄း၁၀။**

A. စကြဝဠာ၌ အလိုဆန္ဒ သုံးခုရှိသည်၊ ယင်းတို့မှာ ဘုရားဆိုင်ရာအလိုဆန္ဒ၊ စာတန်ဆိုင်ရာအလိုဆန္ဒနှင့် လူသားဆိုင်ရာအလိုဆန္ဒတို့ဖြစ်သည်။ ဘုရားသခင်က လူ၏အလိုဆန္ဒသည် ကိုယ်တော်ထံ ပေါင်းစည်းဆက်နွယ်စေရန်နှင့် လူအား ကိုယ်တော်နှင့် တစ်လုံးတစ်ဝဖြစ်စေရန် အလိုရှိသည်၊ သို့မှသာ လူသည် ကိုယ်တော်၏ ကောင်းသော ကျေနပ်အားရရာအတွက် ဆုတောင်းခြင်း၌ ကိုယ်တော်ထံသို့ ပြန်၍ အလိုတော်ကို ထင်ရှားစေကာ၊ ပွဲတင်ထပ်နိုင်မည်ဖြစ်သည် - မ၊၆း၁၀။ ၇း၂၁။

1. ဆုတောင်းခြင်း၏ စစ်မှန်သောအဓိပ္ပာယ်၌ အဆင့်လေးဆင့် ပါဝင်သည်။
   a. ဘုရားသခင်သည် သူ၏အလိုတော်အတိုင်း တစ်စုံတစ်ခုကို လုပ်ဆောင်ရန် ရည်ရွယ်တော်မူသည် - ၆း၁၀။
   b. ကိုယ်တော်က သူ၏အလိုတော်အား ဝိညာဉ်တော်မှတစ်ဆင့် ကျွန်ုပ်တို့က အလိုတော်ကို သိစေနိုင်ဖို့ ဖွင့်ပြတော်မူသည်။
   c. ကျွန်ုပ်တို့သည် ဆုတောင်းခြင်းမှတစ်ဆင့် ကိုယ်တော်ထံသို့ အလိုတော်ကို ပြန်ယူလာ၍ ပွဲတင်ထပ်ကြသည် - ယော၊၁၅း၇။
   d. ဘုရားသခင်သည် ကိုယ်တော်၏အလုပ်ကို သူ၏အလိုတော်အတိုင်း ပြီးမြောက်စေသည် - ဗျာ၊၄း၁၁။
2. ဘုရားသခင်အားဖြင့် အစပြု၍ ကိုယ်တော်အစပြုခဲ့သောအရာကို ပွဲတင်ထပ်သော ဆုတောင်းခြင်းများ၌သာ မည်သည့် ဝိညာဉ်ရေးရာတန်ဖိုးမဆို ပါရှိသည်။ ကျွန်ုပ်တို့သည် ဤသို့သော ဆုတောင်းခြင်းမျိုးကို ဆုတောင်းရန် သင်ယူရမည် - ဧ၊၆း၁၈။ ၁ယော၊၅း၁၄-၁၆က။

B. ယာဗက်က သူ၏နယ်နိမိတ်ကို ကျယ်ဝန်းစေရန် ဘုရားသခင်ကို ခေါ်ခဲ့သည်။ သူ၏ဆုတောင်းချက်၌ ကောင်းသောမြေ၏ နယ်နိမိတ်ကို ကျယ်ဝန်းစေခြင်းမှာ ကောင်းသောမြေ၏ စစ်မှန်ခြင်းဖြစ်သည့် ခရစ်တော်ကို အမြတ်ရယူခြင်းနှင့် ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ခြင်း နယ်နိမိတ်ကို ကျယ်ဝန်းစေခြင်းအား ပုံဆောင်သည် - ၁ရာ၊၄း၁၀။ ညွှန်း၊ ဖိ၊၃း၈-၁၄။

**VII. ၂ရာဇဝင်ချုပ် ၂၀း၁၅-၂၂ ထဲမှ သခင်ဘုရားကို ချီးမွမ်းခြင်းအားဖြင့် ဝိညာဉ်ရေးရာစစ်ပွဲတွင် ပါဝင်ဆင်နွှဲခြင်းအား ကျွန်ုပ်တို့ သင်ယူနိုင်ပါသည်။**

A. ၂ရာဇဝင်ချုပ် ၂၀း၁၅ တွင် ယေဟောဇိက ရှင်ဘုရင်ယောရှဖတ်အား "ထိုအလုံးအရင်းကြီးကြောင့် မကြောက်ကြနှင့် စိတ်မပျက်ကြနှင့်။ စစ်မှုသည် သင်တို့တာ မဟုတ်၊ ဘုရားသခင့်တာ ဖြစ်၏"ဟု ပြောခဲ့ပြီး၊ အငယ်၊ ၁၇က တွင် "သင်တို့သည် စစ်တိုက်စရာအကြောင်း မရှိ"ဟု ပြောခဲ့သည်။

1. အစေခံသောသူများစွာတို့က အစ္စရေး၏ဘုရားသခင် ယေဟောဝါကို အလွန်အမင်း ကျယ်သောအသံဖြင့် ချီးမွမ်းခဲ့ကြသည် - အငယ်၊၁၉။
2. သူတို့သည် သီချင်းဆိုခြင်းနှင့် ချီးမွမ်းခြင်း စတင်ကြသောအခါ ယေဟောဝါသည် ရန်သူများအား ချောင်းမြောင်းတိုက်ခိုက်ခံစေသဖြင့်၊ သူတို့သည် ထိခိုက်သေကြေကြလေသည် - အငယ်၊၂၂။

B. ချီးမွမ်းခြင်းသည် ဘုရားသခင်၏သားသမီးများက သယ်ဆောင်သည့် အမြင့်မားဆုံးသောအလုပ်ဖြစ်သည်-ဆာ၊၁၁၉း၁၆၄။ ဟေဗြဲ၊၁၃း၁၅။

1. သန့်ရှင်းသူတစ်ဦး၏ ဝိညာဉ်ရေးရာအသက်တာ အမြင့်မားဆုံးထင်ရှားမှုမှာ ဘုရားသခင်ထံသို့ သူ၏ ချီးမွမ်းခြင်းဖြစ်သည် - ဆာ၊၁၄၆း၂။ ဟေဗြဲ၊၁၃း၁၅။ ဗျာ၊၅း၉-၁၃။ ၁၉း၁-၆။
   a. ခရစ်ယာန်အသက်တာသည် ချီးမွမ်းခြင်းမှတစ်ဆင့် အမြင့်သို့ပျံတက်သွားသည် - တ၊၁၆း၁၉-၃၄။
   b. ချီးမွမ်းခြင်းသည် သခင်ဘုရားကို ထိတွေ့ရန် အရာခပ်သိမ်းအထက်သို့ သာလွန်တက်ကြွသွားခြင်းဖြစ်သည် - ဗျာ၊၁၄း၁-၃။ ၁၅း၂-၄။
2. ဝိညာဉ်ရေးရာအောင်နိုင်ခြင်းသည် စစ်ပွဲအပေါ်မူတည်ခြင်းမဟုတ်ပါ - ယင်းသည် ချီးမွမ်းခြင်းအပေါ် မူတည်သည် - ၂ရာ၊၂၀း၂၀-၂၂။

C. အသင်းတော်အသက်တာ၌လည်းကောင်း၊ ကျွန်ုပ်တို့တစ်ဦးချင်းအသက်တာ၌လည်းကောင်း ကျွန်ုပ်တို့သည် ဘုရားသခင်ထံသို့ ပြီးမြောက်ပြည့်စုံသည့် ချီးမွမ်းခြင်းကို ပူဇော်ရန် လိုအပ်သည် - ဆာ၊၂၂း၂၂။ ဟေဗြဲ၊၂း၁၂။

D. ကျွန်ုပ်တို့ တွေ့ကြုံခံစားကာ မွေ့လျော်ဝမ်းမြောက်သည့် ခရစ်တော်မှတစ်ဆင့် ကျွန်ုပ်တို့သည် ဘုရားသခင်ထံသို့ ချီးမွမ်းခြင်းယဇ်ကို စဉ်ဆက်မပြတ် ပူဇော်ရန် လိုအပ်သည် - ၁၃း၁၅။

E. “အကျွန်ုပ်၏ ဘုရားသခင် အို သခင်ဘုရား၊ အကျွန်ုပ်သည် ကိုယ်တော်ကို စိတ်နှလုံးအကြွင်းမဲ့ ချီးမွမ်း၍၊ / နာမတော်ကို အစဉ်အမြဲ ချီးမြှောက်ပါမည်” - ဆာ၊၈၆း၁၂။

*© 2022 Living Stream Ministry*